# ကျွန်ုပ် လုပ်နိုင်သလား သို့မဟုတ် မလုပ်နိုင်ဘူးလား။

ဩဂုတ် လ 2012 ခုနှစ် ထိတိုင်ပြင်ဆင်ပြီး။

*Burmese*

ဤလက်ကမ်းစာစောင် သည် ကြေညာထားသည့် Fire Danger Periods (မီးဘေးအန္တရာယ် ကာလများ) အတွင်း နှင့် လေဟာနယ်တွင် မီး ကို ကန့်သတ်ထားသည့်အခါ (လုံးဝမီးပိတ်ပင်ခြင်း) Total Fire Ban နေ့များတွင် ဥပဒေအရ သင် ဘာလုပ်နိုင်သည် ဘာမလုပ်နိုင်သည် တို့ကိုအသေးစိတ်ဖော်ပြထားသည်။

CFA သည် ပူပြင်းသည့်ရာသီရောက်ချိန်၌ Fire Danger Periods (မီးဘေးအန္တရာယ် ကာလများ) မြူနီစပယ်ဒေသ တစ်ခုချင်း ကို ကြေညာပေးပါသည်။ ဤကန့်သတ်ချက်များသည် အကယ်၍ ဖျက်သိမ်းပြီး သို့မဟုတ် ပြောင်းလဲပြီး မဟုတ်လျှင် 1 May ရက်နေ့ထိတိုင်အောင် အတည်ဖြစ်နေပါသည်။ ပြည်နယ်သစ်တောများ ၊ တစ်နိုင်ငံလုံး ၊ ပြည်နယ် နှင့် ဒေသဆိုင်ရာ ပန်းဥယျာဉ်များ နှင့် အကာအကွယ်ပြုထားသည့် အများပြည်သူမြေယာများ တို့တွင် မီးပိတ်ပင်ကန့်သတ်ခြင်းများ သည် တစ်နှစ်ပတ်လုံးအတွက် အာဏာသက်ရောက်သည်။ ဤဒေသများအတွင်း မီးပိတ်ပင်ကန့်သတ်ခြင်းများ နှင့်ပတ်သက်သည့် အကြံဉာဏ်အတွက် ဒေသဆိုင်ရာ DSE နှင့် Parks Victoria ရုံးများအား ဆက်သွယ်ပါ။

မီးမှာလျှင်မြန်စွာပြန့်နိုင်ပြီး ငြိမ်းသတ်ရန် ခက်ခဲသောအလားအလာရှိသည့်နေ့များတွင် Total Fire Bans လုံးဝမီးပိတ်ပင်ခြင်းများ ကို CFA က ကြေညာပါသည်။ Fire Danger Period (မီးဘေးအန္တရာယ် ကာလများ) နှင့် Total Fire Ban Days (လုံးဝမီးပိတ်ပင်ခြင်းနေ့များ) တွင် တရားမဝင် မီးမြှိုက်ခြင်းအတွက် ပြစ်ဒဏ်များမှာ ကြီးလွန်းသည့်ဒဏ်ငွေများ နှင့် ဖြစ်နိုင်သောထောင်ဒဏ် တို့ပါဝင်ပါသည်။

| ကျွန်ုပ် လုပ်နိုင်သလား သို့မဟုတ် မလုပ်နိုင်ဘူးလား။ | | Fire Danger Period (မီးဘေးအန္တရာယ် ကာလများ) အတွင်း | | Total Fire Ban Days (လုံးဝမီးပိတ်ပင်ခြင်းနေ့များ) တွင် |
|---|---|---|---|---|
| ကျွန်ုပ် အသားကင်ရန်၊ အပျော်စခန်း မီး သို့မဟုတ် နွေးထွေးရန် သို့မဟုတ် သက်သောင့်သက်သာဖြစ်စေရန် မီးမြိုက် အသုံးပြုနိုင်ပါသလား။<br>  | လုပ်နိုင်ပါသည် | သို့သော်လည်း အောက်ပါအခြေအနေတွင်သာလျှင် လုပ်နိုင်သည်-<br>☑ လေတိုက်နှုန်းမှာ တစ်နာရီ 10 ကီလိုမီတာ မရှိသည့်အခါ<br>☑ မီးကို **အသေအချာတည်ဆောက်ထားသည့်** မီးဖို သို့မဟုတ် တွင်းမြောင်း အတွင်းတွင် အနည်းဆုံး 30 စင်တင်မီတာ အနက် ဖြစ်သည့်အခါ<br>☑ အသားကင် ဘာဘီကျူး လုပ်မည့်နေရာ မှ အပြင် 3 မီတာ ပတ်လည် တွင် မီးလောင်ကျွမ်းနိုင်သည့်ပစ္စည်းများ ကင်းရှင်း သည့်အခါ<br>☑ မီးသည် လောင်ကျွမ်းမည့် နေရာအကျယ်အဝန်းမှာ 1 စတုရန်း မီတာ ထက် မကြီးသည့်အခါ နှင့် သုံးစွဲမည့် လောင်စာအဆိုင်အခဲပမာဏ မှာ ရည်ရွယ်ချက် အတွက် အနည်းဆုံးလိုအပ်ချက်ဖြစ်ရမည်<br>☑ မီးလောင်မြှိုက်နေစဉ် တစ်ချိန်လုံးတွင် လူတစ်ယောက် က စောင့်ကြည့်နေရမည်ဖြစ်ပြီး မီးကိုငြိမ်းသတ်နိုင်သည့် အတိုင်းအတာ နှင့် နည်းလမ်းများ ရှိရမည်<br>☑ ထိုလူထွက်ခွာမသွားမီ ၊ မီးကို လုံးဝငြိမ်းသတ်ပြီးစီးရမည်။<br>CFA အက်ဥပဒေအရ သတိပြုရန်မှာ ၊ "အသေအချာ တည်ဆောက်ထား သည့် မီးဖို" ဆိုသည်မှာ ကျောက်၊ သံထည်၊ ကွန်ကရစ် သို့မဟုတ် မီးမစွဲသည့်အခြား ပစ္စည်းတစ်ခုခု တို့ဖြင့်တည်ဆောက်ထားသည့် မီးဖို ကိုဆိုလိုပြီး ၎င်းသည် မီးညွန့်ကို ထိန်းသိမ်းထားရမည်။<br>စီးပွားရေးအလို့ငှါထုတ်လုပ်ထားသည့် အသားကင်ဘာဘီကျူး သည် အသေအချာတည်ဆောက်ထားသည့် မီးဖို ဟု ယူဆသည်။ | လုပ်နိုင်ပါသည်<br><br>မလုပ်နိုင်ပါ | ကိရိယာများ ဖြင့် တပ်ဆင်ထားသည့် အသားကင် ဘာဘီကျူးများ -<br>☑ မီးကို ဂက်စ်ဓါတ်ငွေ့ သို့မဟုတ် လျှပ်စစ် ဖြင့် သုံးပြီး ၊ အစားအစာပြင်ဆင်ရန် သီးသန့်ပုံဖော်ထား၍ ကျောက် ၊ သံထည် ၊ ကွန်ကရစ် သို့မဟုတ် မီးမစွဲနိုင်သည့်အခြား အရာများ ဖြင့် ထာဝရ တည်ဆောက်ထား သည့် အဆောက်အအုံမီးဖို<br>☑ သို့မဟုတ် ၎င်းသည် ဂက်စ်ဓါတ်ငွေ့ သို့မဟုတ် လျှပ်စစ် ကိုသာလျှင်အသုံးပြုပြီး အစားအစာ ပြင်ဆင် ရန်အတွက် သီးသန့်ပုံဖော် ထားကာ စီးပွားရေး အရထုတ်လုပ်ထားပြီး (ရွေ့ရှားရ သည့် အသားကင်ဘာဘီကျူး အပါအဝင်) ၎င်း ကိုတည်ငြိမ်သည့် အနေအထားပေါ်တွင် တည်ဆောက်ထားကာ အောက်ပါ စည်းကမ်းချက်များ နှင့် ကိုက်ညီရမည်<br>  ☑ အသားကင် ဘာဘီကျူး လုပ်မည့်နေရာ မှ အပြင်ဖက် 3 မီတာ ပတ်လည် တွင် မီးလောင်ကျွမ်းနိုင်သည့်ပစ္စည်းများ ကင်းရှင်းရမည်<br>  ☑ သင့်တွင် ရေကို သွယ်ထားသည့်ရေပိုက် ဖြစ်စေ သို့မဟုတ် ရေတိုင်ကီ အနည်းဆုံး လက်ငင်းအသုံးပြုရန်အတွက် ရေ 10 လီတာဖြစ်စေ ရှိရမည်<br>  ☑ မီးအသုံးပြုနေစဉ် တစ်ချိန်လုံး လူရွယ် တစ်ဦး က စောင့်ကြည့်နေပြီး ၎င်းတွင် မီးကိုငြိမ်းသတ်ရန် အနေအထား နှင့် နည်းလမ်းများ ရှိသည်<br>  ☑ ထိုလူထွက်ခွာမသွားမီ၊ မီးကို လုံးဝ ငြိမ်းသတ်ပြီးစီးရမည်။<br>အပျော်စခန်းမီး ၊ နွေးထွေးရန်အတွက် မီး သို့မဟုတ် သက်သောင့်သက်သာရန်အတွက် မီး များကို **Total Fire Ban Days** (လုံးဝမီးပိတ်ပင်ခြင်းနေ့များ) အတွင်း တားမြစ်ထား သည်။ အသားကင်ဘာဘီကျူး နှင့် မီးဖို လောင်စာ အဆိုင်အခဲ နှင့် အရည် တို့ကိုလည်း **Total Fire Ban Days** (လုံးဝမီးပိတ်ပင်ခြင်းနေ့များ) တွင် တားမြစ်ထားသည်။ |
| ကျွန်ုပ် အစားအစာ စီးပွားလုပ်ငန်းကိုလုပ်သည် (ဥပမာ- အစားအစာချက်ပြုတ်ခြင်း) သို့မဟုတ် ကျွန်ုပ်သည် အသိုင်းအဝိုင်း/ကုသိုလ်ဖြစ်/ ရန်ပုံငွေရှာဖွေသည့် အဖွဲ့အစည်း ကို စီမံသည်။ အိမ်အပြင်ဖက် ပွဲလမ်းသဘင်များတွင် ကျွန်ုပ် သည် အသားကင်ဘာဘီကျူး သို့မဟုတ် အသားသံချောင်းထိုးကင် ကို ဆောင်ရွက်ရန် မီးကို အသုံးပြုနိုင်ပါသလား။<br>  | လုပ်နိုင်ပါသည် | သို့သော်လည်း အောက်ပါအခြေအနေတွင်သာလျှင် လုပ်နိုင်သည်-<br>☑ လေတိုက်နှုန်းမှာ တစ်နာရီ 10 ကီလိုမီတာ မရှိသည့်အခ<br>☑ မီးကို မြှိုက်ရာ၌ **အသေအချာတည်ဆောက်ထားသည့်** မီးဖို အတွင်း သို့မဟုတ် တွင်းမြောင်း အတွင်းတွင် ၎င်းမှာ အနည်းဆုံး 30 စင်တင်မီတာ အနက် ရှိရမည်<br>☑ အသားကင်ဘာဘီကျူး လုပ်မည့်နေရာ မှ အပြင်ဖက် 3 မီတာ ပတ်လည် တွင် မီးလောင် ကျွမ်းနိုင်သည့်ပစ္စည်းများ ကင်းရှင်း ရမည်<br>☑ မီး လောင်ကျွမ်းမည့် နေရာအကျယ်အဝန်းမှာ 1 စတုရန်း မီတာ ထက် မကြီးသည့်အပြင် သုံးစွဲမည့် လောင်စာ အဆိုင်အခဲ ပမာဏ မှာ ရည်ရွယ်ချက် အတွက် အနည်းဆုံး လိုအပ်ချက်ဖြစ်ရမည်<br>☑ မီးလောင်မြှိုက်နေစဉ် တစ်ချိန်လုံးတွင် လူတစ်ယောက် က စောင့်ကြည့်နေရမည်ဖြစ်ပြီး မီးကိုငြိမ်းသတ်နိုင်သည့် အတိုင်းအတာ နှင့် နည်းလမ်းများ ရှိရမည်<br>☑ ထိုလူထွက်ခွာမသွားမီ ၊ မီးကို လုံးဝငြိမ်းသတ်ပြီးစီးရမည်။ | လုပ်နိုင်ပါသည် | သို့သော်လည်း **CFA** သို့မဟုတ် **MFB** မှ ထုတ်ပေး သည့် စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက် သင့်တွင် ရှိမှသာလျှင် ဖြစ်သည်၊ ၎င်းခွင့်ပြုချက်၏ စည်းကမ်း ချက်များ ကို သင် လိုက်နာရမည်။<br>အသိုင်းအဝိုင်းအဖွဲ့အစည်း ၊ ကုသိုလ်ဖြစ် အဖွဲ့အစည်း သို့မဟုတ် ရန်ပုံငွေရှာဖွေသည့် အဖွဲ့အစည်း (ဥပမာ-ရန်ပုံငွေရှာသည့် ကျောင်း သို့မဟုတ် အားကစားအဖွဲ့) သည် သူတို့၏စီးပွား လုပ်ငန်းတွင် အခြားသူများ အတွက် အစားအစာ ကို ပြင်ဆင်ရန်အတွက် မီးကို အသုံးပြုရန် ခွင့်ပြုချက် ကို လျှောက်ထားနိုင်သည်။<br>ဤခွင့်ပြုချက်များ ကို – ၎င်းတို့၏အခွင့်အာဏာ အရ – ဒေသဆိုင်ရာ CFA ခရိုင်ရုံးများ ၊ CFA ရုံးချုပ် သို့မဟုတ် MFB ဖုံရုံး တို့က ထုတ်ပေးပါ သည်။<br>မြူနီစီပယ် မီးကာကွယ်ရေး အရာရှိများ က ဤခွင့်ပြု ချက်များ ကို မထုတ်ပေးနိုင်ပါ။ |

# ကျွန်ုပ် လုပ်နိုင်သလား သို့မဟုတ် မလုပ်နိုင်ဘူးလား။

ဩဂုတ် လ 2012 ခုနှစ် ထိတိုင်ပြင်ဆင်ပြီး။

| ကျွန်ုပ် လုပ်နိုင်သလား သို့မဟုတ် မလုပ်နိုင်ဘူးလား။ | | **Fire Danger Period**<br>(မီးဘေးအန္တရာယ် ကာလများ) အတွင်း | | **Total Fire Ban Days**<br>(လုံးဝမီးပိတ်ပင်ခြင်းနေ့များ) တွင် |
|---|---|---|---|---|
| လေဟာနယ်တွင် ကျွန်ုပ် မြက်၊ ငုတ်တို ၊ ပေါင်းပင်များ ၊ ချုံနွယ်ပိတ်ပေါင်း သို့မဟုတ် အခြား ပေါက်ပင်များ ကို မီးရှို့ပစ်ရန် မီးမြိုက်နိုင်ပါသလား။<br> | လုပ်နိုင်ပါသည် | သို့သော်လည်း အောက်ပါအခြေအနေတွင်သာလျှင် လုပ်နိုင်သည်-<br>☑ သင့်တွင် အများပြည်သူအာဏာပိုင်၏ မီးကာကွယ်ရေး အရာရှိ မြူနီစီပယ်မီးကာကွယ်ရေးအရာရှိ သို့မဟုတ် CFA ခရိုင်ရုံး ထံမှ ထုတ်ပေးသည့် စာဖြင့်ရေးသားထားသော ခွင့်ပြုချက် ရှိသည်<br>☑ ၎င်းခွင့်ပြုချက်၏စည်းကမ်းချက်များကို သင် လိုက်နာပါ။<br>☑ မီးလောင်မြိုက်နေစဉ် တစ်ချိန်လုံးတွင် လူတစ်ယောက် က စောင့်ကြည့်နေရမည်ဖြစ်ပြီး မီးကိုငြိမ်းသတ်နိုင်သည့် အတိုင်းအတာ နှင့် နည်းလမ်းများ ရှိရမည်<br>☑ ထိုလူထွက်ခွာမသွားမီ ၊ မီးကို လုံးဝငြိမ်းသတ်ပြီးစီးရမည်။<br>ကောင်စီရုံးအများအပြားသည် မီးခိုးမြူသတိပေးရက်များ သို့မဟုတ် သီးခြားဒေသတစ်ခုအတွင်း သို့မဟုတ် ၎င်းတို့၏မြူနီစီပယ်နယ်မြေ အတွင်း သီးခြားအချိန်များ ၌ မီးမြိုက်ခြင်းကို တားမြစ်ပါသည်။ မြူနီစီပယ် မီးကာကွယ်ရေး အရာရှိ နှင့် စစ်ဆေးကြည့်ပါ။ | မလုပ်နိုင်ပါ | မြက် ၊ သစ်ပင်ချုံနွယ် ၊ ငုတ်တို သို့မဟုတ် အမှိုက်များ ကို လေဟာနယ်တွင် အားလုံးသော မီးရှို့ပစ်ခြင်း တို့အား Total Fire Ban Days (လုံးဝမီးပိတ်ပင်ခြင်းနေ့များ) တစ်လျှောက်လုံးတွင် တားမြစ်ပါသည်။<br>မြူနီစီပယ် မီးကာကွယ်ရေး အရာရှိများ က ထုတ်ပေးသည့် မည်သည့် ခွင့်ပြုချက်များကိုမဆို Total Fire Ban Days (လုံးဝမီးပိတ်ပင်ခြင်း နေ့များ) တစ်လျှောက်လုံးတွင် ဆိုင်းငံ့ထားပါသည်။ |
| သီးနှံပင်များ ၊ မြက် ၊ ငုတ်တို ၊ပေါင်းပင်များ ၊ ချုံနွယ်ပိတ်ပေါင်းများ သို့မဟုတ် အခြား ပေါက်ပင်များ ပေါ်တွင် ကျွန်ုပ် ကားမောင်းနှင် နိုင်ပါသလား။<br> | လုပ်နိုင်ပါသည် | သို့သော်လည်း ကားတွင် အသံကိုတိတ်ဆိတ်အောင် ထိရောက်သည့် ကိရိယာ (ဥပမာ-မီးခိုးပြောင်း) တပ်ဆင်ထားမှသာလျှင် မောင်းနှင်နိုင် သည် ၊ ၎င်းက အင်ဂျင်စက်မှထွက် သည့် မီးခိုးများအားလုံးကို သိမ်းယူ မည်ဖြစ်သည်။<br>ပူပြင်းပြီး ခြောက်သွေ့သည့်အခြေအနေမျိုးတွင် ခြောက်နေသည့် ပေါက်ပင်များ ပေါ်တွင် ကားမောင်းနှင်ခြင်း ကို သင် ရှောင်ကြဉ် သင့် သည်။ ပူသည့်မီးခိုးပြောင်းတိုင်ကြောင့် အန္တရာယ်အလားအလာရှိသဖြင့် Total Fire Ban Day (လုံးဝမီးပိတ်ပင်ခြင်းနေ့) မဟုတ်သည့်တိုင်အောင် ရှောင်ကြဉ်သင့်သည်။ | လုပ်နိုင်ပါသည် | သို့သော်လည်း ကားတွင် အသံကိုတိတ်ဆိတ်အောင် ထိရောက်သည့် ကိရိယာ (ဥပမာ-မီးခိုးပြောင်း) တပ်ဆင်ထားမှသာလျှင် မောင်းနှင်နိုင် သည် ၊ ၎င်းက အင်ဂျင်စက်မှထွက် သည့် မီးခိုးများအားလုံးကို သိမ်းယူ မည်ဖြစ်သည်။<br>ဖြစ်နိုင်သမျှ ဤကိစ္စကိုရှောင်ကြဉ်သင့်သည် ပေါက်ပင် အခြောက် နှင့် ပူလွန်းသည့်မီးခိုးပြောင်း တိုင် တို့ကြောင့် လွန်ကဲသည့်မီးဘေးအန္တရာယ် ရှိခြင်း ကြောင့် ဖြစ်သည်။ |
| ကျွန်ုပ် လျှပ်စစ်ဖြတ်လွှ ၊ အပင် သို့မဟုတ် မြက် အနားသပ်စက် သို့မဟုတ် မြက်ရိတ်စက် ကို သုံးနိုင်ပါသလား။<br>  | လုပ်နိုင်ပါသည် | လျှပ်စစ်ဖြတ်လွှ ၊ အပင် သို့မဟုတ် မြက် အနားသပ်စက်များ သို့မဟုတ် မြက်ရိတ်စက်များ ကို *မြက်ခင်းစိမ်းများပေါ်တွင် အကန့်အသတ်မရှိ အသုံးပြုနိုင်ပါသည်။*<br>သို့သော်လည်း *စိမ်းစိုခင်း**မဟုတ်သည့်*** အပေါ်အသုံးပြုမှုအတွက် လျှပ်စစ်ဖြတ်လွှ ၊ အပင် သို့မဟုတ် မြက် အနားသပ်စက်များ သို့မဟုတ် မြက်ရိတ်စက်များ မှာ-<br>☑ မီးလောင်ကျွမ်းမှု ကို ဖြစ်ပေါ်စေနိုင်သည့် အပြစ် နှင့် စက်ပိုင်း ချွတ်ယွင်းမှု တို့ကင်းရှင်းရမည်။<br>☑ ထိရောက်သော မီးပန်းထိန်းကွတ်စက် ကို တပ်ဆင်ထား ရမည်။<br>☑ စက်ကိရိယာ၏အနီးတစ်ဝှက် အနည်းဆုံး 3 မီတာခန့်တွင် မီးလောင်နိုင်သော အရာများ မရှိစေရ။<br>ထပ်ဆင့်၍ စက်ကိရိယာကို ကိုင်ဆောင်သူသည် စက်အလုပ် လုပ်နေစဉ် တစ်ချိန်လုံးတွင် စောင့်ကြည့်နေရမည်ဖြစ်ပြီး အောက်ဖော်ပြပါ မီးငြိမ်းသတ်သည့်ကိရိယာ တစ်ခုခု ကို ကိုင်ဆောင်ထားရမည်-<br>› အနည်းဆုံး ရေအပြည့်ပါရှိသည့် ကောင်းမွန်လည်ပတ်သည့် ကျောပိုးရေဖြန်းစက် ရေ လီတာ 9 လီတာ ထက် မနည်းစေဘ<br>› ကောင်းမွန်စွာလည်ပတ်သည့် ရေအပြည့်ပါရှိသော မှန်ကန်သော ဖိအားဖြင့် ရှိသော ရေ လီတာ 9 လီတာ ထက် မနည်းစေဘဲ အနည်းဆုံး ရေ (ဖိအားသွင်း) မီးသတ်ဘူး တစ်ခု<br>အထက်တွင် ဖော်ပြထားသည့် မီးပန်းထိန်းကွတ်စက် ၊ ကျောပိုးရေဖြန်း စက် နှင့် ရေ မီးသတ်ဘူး တို့သည် သက်ဆိုင်သည့် ဩစတြေးလျား စံနှုန်းများ နှင့် ကိုက်ညီရမည်ဖြစ်ကြောင်း သတိပြုပါ။ | လုပ်နိုင်ပါသည် | **Fire Danger Period မီးဘေးအန္တရာယ်ကာလ အတွက် -**<br>သို့သော်လည်း မီးလောင်ရန် လွန်စွာ အန္တရာယ် မြင့်မားသဖြင့် ဖြစ်နိုင်လျှင် ဤအလုပ် ကို ရွှေ့ဆိုင်း ထားပါ။ |

mfb.vic.gov.au MFB

cfa.vic.gov.au CFA

PREPARE. ACT. SURVIVE.

FireReady

State Government Victoria

# ကျွန်ုပ် လုပ်နိုင်သလား သို့မဟုတ် မလုပ်နိုင်ဘူးလား။

ဩဂုတ် လ 2012 ခုနစ် ထိတိုင်ပြင်ဆင်ပြီး။

| ကျွန်ုပ် လုပ်နိုင်သလား သို့မဟုတ် မလုပ်နိုင်ဘူးလား။ | | Fire Danger Period<br>(မီးဘေးအန္တရာယ် ကာလများ) အတွင်း | | Total Fire Ban Days<br>(လုံးဝမီးပိတ်ပင်ခြင်းနေ့များ) တွင် |
|---|---|---|---|---|
| ကျွန်ုပ် အောက်ပါတို့ ကို လုပ်နိုင်ပါသလား-<br>› သံဂဟေဆက်ခြင်း ၊ အမှုန့်ကြိတ်ခြင်း မီးဖုတ်ခြင်း ၊ ခဲဂဟေဆော်ခြင်း သို့မဟုတ် ဂက်စ်သုံး၍ဖြတ်ခြင်း<br>› ပျားများကို ပြောင်းရွှေ့ခြင်း<br>› ပျားရည် ထုတ်ခြင်း<br>› မီးရထားသံလမ်း ထိန်းကွတ်ခြင်း<br>› ကတ္တရာ အပူပေးခြင်း<br> | လုပ်နိုင်ပါသည် | သို့သော်လည်း အောက်ပါအခြေအနေတွင်သာလျှင် လုပ်နိုင်သည်-<br>☑ မီးပန်းများ ၊ ပူသည့် သတ္တု သို့မဟုတ် မီးမှချော်ခဲ တို့ ကို ရပ်ဆိုင်းစေမည့် မီးအဟန့်ဒိုင်း သို့မဟုတ် အကာ တို့ကို ထားရှိရမည်။<br>☑ အလုပ်လုပ်သောနေရာမှ အနည်းဆုံး 1.5 မီတာအကွာအဝေး တွင် မီးလောင်ကျွမ်းမည့်အရာများ ကင်းရှင်းရမည် သို့မဟုတ် မီးပြန့်မှုကိုကာကွယ်ရန် လုံလောက်စွာ စိုစွတ်ထားရမည်။<br>☑ သင့်တွင် ပိုက်ဖြင့်သွယ်ပေးသည့်ရေ သို့မဟုတ် ရေလီတာ အနည်းဆုံး 9 လီတာ ပါသည့် ကျောပိုးရေဖြန်းစက် ရှိရမည်။<br>☑ လုပ်ငန်းမှ ဖြတ်စများ နှင့် ပူသောအရာများ အားလုံးကို မီးခံပုံးများ အတွင်း ထားသိုရမည်။<br>☑ မီးလောင်မြိုက်နေစဉ် တစ်ချိန်လုံးတွင် လူတစ်ယောက် က စောင့်ကြည့်နေရမည်ဖြစ်ပြီး မီးကိုငြိမ်းသတ်နိုင်သည့် အတိုင်းအတာ နှင့် နည်းလမ်းများ ရှိရမည်<br>☑ ထိုလူထွက်ခွာမသွားမီ ၊ မီးကို လုံးဝငြိမ်းသတ်ပြီးစီးရမည်။ | မလုပ်နိုင်ပါ | အောက်ပါကဲ့သို့သော လုပ်ငန်းများ -<br>› သံဂဟေဆက်ခြင်း ၊ အမှုန့်ကြိတ်ခြင်း၊ မီးဖုတ်ခြင်း ခဲဂဟေဆော်ခြင်း သို့မဟုတ် ဂက်စ်သုံး၍ဖြတ်ခြင်း<br>› ပျားများကို ပြောင်းရွှေ့ခြင်း<br>› ပျားရည် ထုတ်ခြင်း<br>› မီးရထားသံလမ်း ထိန်းကွတ်ခြင်း<br>› ကတ္တရာ အပူပေးခြင်း<br>တို့ကို Total Fire Ban Days (လုံးဝမီးပိတ်ပင်ခြင်းနေ့များ) တွင် ဤရက်များနှင့် သက်ဆိုင်သည့် အထူးခွင့်ပြုချက်များ မရှိစေဘဲ ပိတ်ပင်တားမြစ်ပါသည်။ ဤခွင့်ပြုချက်များ ကို အပိုဒ် 40 ခွင့်ပြုချက်များ ဟုခေါ်သည်။<br>အထူးကန့်သတ်ကိစ္စများတွင် CFA သို့မဟုတ် MFB သည် Total Fire Ban Days (လုံးဝမီးပိတ်ပင်ခြင်းနေ့များ) တွင် ခွင့်ပြုချက် ကို<br>☑ အသိုင်းအဝိုင်းအဖွဲ့အစည်းများ ၊ ကုသိုလ်ဖြစ်အဖွဲ့အစည်းများ ၊ ရန်ပုံငွေရှာဖွေသည့်အဖွဲ့အစည်းများ<br>☑ ဥပဒေအရဖွဲ့စည်းထားသည့် ကော်ပိုရေးရှင်းများ ၊ ကောင်စီများ<br>☑ စက်မှု သို့မဟုတ် စီးပွား လုပ်ငန်းများ<br>သို့ သူတို့၏လုပ်ငန်းကိုအကောင်အထည်ဖော်ရန် ရည်ရွယ်ချက်အတွက် သို့မဟုတ် အများပြည်သူ ဖျော်ဖြေရေးရည်ရွယ်ချက်အတွက် သို့မဟုတ် ဘာသာရေးကိစ္စအတွက် သို့မဟုတ် ယဉ်ကျေးမှု ကိစ္စ အတွက် ထုတ်ပေးနိုင်သည်။<br>ဤခွင့်ပြုချက်များ ကို CFA ခရိုင်ရုံးများ ၊ CFA ရုံးချုပ်များ သို့မဟုတ် MFB ဖုံရုံးများ မှ လာရမည် ဖြစ်ပြီး ၎င်းတို့ကို မြူနီစီပယ် မီးကာကွယ်ရေး အရာရှိများ က မထုတ်ပေးနိုင်ပါ။ |
| ကျွန်ုပ် မီးရှို့စက် ကို အသုံးပြုနိုင်ပါသလား။<br> | လုပ်နိုင်ပါသည် | သတိမှတ်ချက်မှာ -<br>1. မီးရှို့စက် ကို အသုံးပြုရန် စည်းကမ်းချက်များ သို့မဟုတ် ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက် ပြဌာန်းထားသည့် ဒေသဆိုင်ရာ မည်သည့်ဥပဒေများ တစ်ခုခု အကြောင်း ကို ကောင်စီ နှင့် စစ်ဆေးပါ (ဥပမာ- မီးခိုးမြူသတိပေးနေ့များ ၊ သီးခြား နေရာများ ၊ သီးခြားအချိန်များ တွင် ပိတ်ပင်ခြင်းများ)<br>2. ၎င်းပြင် အောက်ဖော်ပြပါ လိုအပ်ချက်များ နှင့် ကိုက်ညီရမည်-<br>☑ မီးရှို့စက်အတွင်း မီး ကို ထိရောက်စွာ ကန့်သတ်ထားရမည်<br>☑ လေတိုက်နှုန်းမှာ တစ်နာရီ 10 ကီလိုမီတာ ထက်နည်းရမည်<br>☑ မီးရှို့စက် ပြင်ပ 3 မီတာအကွာ ရှိ မြေပြင် နှင့် လေဟာနယ် တွင် မီးလောင်ကျွမ်းနိုင်သော အရာများ ကင်းရှင်းစေရမည်<br>☑ မီးရှို့နေစဉ်အချိန် တစ်ချိန်လုံးတွင် မီးကိုငြိမ်းသတ်ရန် လုံလောက်သည့် ရေ ကို အဆင်သင့်ရှိရမည်<br>☑ မီးလောင်မြိုက်နေစဉ် တစ်ချိန်လုံးတွင် လူတစ်ယောက် က စောင့်ကြည့်နေရမည်ဖြစ်ပြီး မီးကိုငြိမ်းသတ်နိုင်သည့် အတိုင်းအတာ နှင့် နည်းလမ်းများ ရှိရမည်<br>☑ ထိုလူထွက်ခွာမသွားမီ ၊ မီးကို လုံးဝငြိမ်းသတ်ပြီးစီးရမည်။ | မလုပ်နိုင်ပါ | Total Fire Bans Days လုံးဝမီးပိတ်ပင်ခြင်းနေ့များ အတွင်း မီးရှို့စက် အသုံးပြုခြင်း ကို တားမြစ်သည်။ |

# ကျွန်ုပ် လုပ်နိုင်သလား သို့မဟုတ် မလုပ်နိုင်ဘူးလား။

ဩဂုတ် လ 2012 ခုနှစ် ထိတိုင်ပြင်ဆင်ပြီး။

| ကျွန်ုပ် လုပ်နိုင်သလား သို့မဟုတ် မလုပ်နိုင်ဘူးလား။ | | Fire Danger Period (မီးဘေးအန္တရာယ် ကာလများ) အတွင်း | | Total Fire Ban Days (လုံးဝမီးပိတ်ပင်ခြင်းနေ့များ) တွင် |
|---|---|---|---|---|
| ကျွန်ုပ်သည် အလိုအလျောက် လည်ပတ်သည့် လယ်ယာစက်ပစ္စည်းများ ၊ အပူပေးအင်ဂျင်စက် ကို အသုံးပြုသည့် မြေတူးစက်များ ၊ မြေခွဲစက် များ ၊ မြေသယ်စက် ၊ မြေတူးသည့် သို့မဟုတ် လမ်းဖောက်သည့် စက်များ ကို မည်သည့် သီးပင်များ ၊ မြက်များ ၊ ငုတ်တို ၊ ပေါင်းပင်များ ၊ ချုံနွယ်ပိတ်ပေါင်းများ သို့မဟုတ် အခြား ပေါက်ပင်များ မှ ၉ မီတာ အကွာအဝေး တွင် သုံးနိုင်ပါသလား။<br> | လုပ်နိုင်ပါသည် | သို့သော်လည်း စက်သည် အောက်ပါတို့ဖြစ်မှသာလျှင် သုံးနိုင်သည်-<br>☑ မီးလောင်ကျွမ်းမှု ကို ဖြစ်ပေါ်စေနိုင်သည့် အပြစ် နှင့် စက်ပိုင်း ချွတ်ယွင်းမှု တို့ကင်းရှင်းရမည်။<br>☑ ကောင်းမွန်စွာ လည်ပတ်သည့် မီးပန်းထိန်းကွတ်စက် ကို တပ်ဆင်ထားရမည် (တာဘိုစက် သို့မဟုတ် မီးခိုးစုတ်လေစစ် ကို တပ်ဆင်ထားသည်မဟုတ်လျှင်)<br>☑ မီးကိုထိန်းချုပ်မည့် ကိရိယာ တစ်ခုခု ကို သယ်ဆောင်ထားရမည်<br>› အနည်းဆုံး ရေအပြည့်ပါရှိသည့် ကောင်းမွန်လည်ပတ်သည့် ကျောပိုးရေဖြန်းစက် ရေ လီတာ 9 လီတာ ထက် မနည်းစေဘဲ<br>› ကောင်းမွန်စွာလည်ပတ်သည့် ရေအပြည့်ပါရှိသော မှန်ကန်သော ဖိအားဖြင့် ရှိသော ရေ လီတာ 9 လီတာ ထက် မနည်းစေဘဲ အနည်းဆုံး ရေ (ဖိအားသွင်း) မီးသတ်ဘူး တစ်ခု<br>အထက်တွင် ဖော်ပြထားသည့် မီးပန်းထိန်းကွတ်စက် ၊ ကျောပိုးရေဖြန်း စက် နှင့် ရေ မီးသတ်ဘူး တို့သည် သက်ဆိုင်သည့် ဩစတြေးလျား စံနှုန်းများ နှင့် ကိုက်ညီရမည်ဖြစ်ကြောင်း သတိပြုပါ။ | လုပ်နိုင်ပါသည် | **Fire Danger Period မီးဘေးအန္တရာယ်ကာလ အတွက် -**<br>သို့သော်လည်း မီးလောင်ရန် လွန်စွာ အန္တရာယ် မြင့်မားသဖြင့် ဖြစ်နိုင်လျှင် ဤအလုပ် ကို ရွှေ့ဆိုင်း ထားပါ။ |

**ခွင့်ပြုချက် ကို မည်ကဲ့သို့ လျှောက်ထားနိုင်သနည်း။**

သင့်အနေဖြင့် လျှောက်လွှာပုံစံ ကို ကွန်ရက် cfa.vic.gov.au မှ ဆွဲချကူးယူနိုင်သည်။ သင်၏ဒေသဆိုင်ရာ CFA ခရိုင်ရုံးချုပ်အားလည်း သင် ဆက်သွယ်နိုင်ပြီး လျှောက်လွှာပုံစံ တစ်ခု ကို စာတိုက်မှပို့ပေးရန် တောင်းဆိုပါ။ ကွန်ရက်ပေါ်တွင် CFA ခရိုင်ရုံးချုပ် အား ဆက်သွယ်ရမည့်ဖုံးနံပါတ်များ စာရင်းတစ်ခု ကို ရရှိနိုင်သည် သို့မဟုတ် စာရင်းတစ်ခု ကို သင် ဖုံးနံပါတ် **(03) 9262 8444** ကိုဆက်၍တောင်းနိုင်သည်။

အကယ်၍ သင်သည် မြို့ကြီး မီးခရိုင် အတွင်း ဆောင်ရွက်ရန် ခွင့်ပြုချက် လိုအပ်လျှင် သင့်အနေဖြင့် MFB အား ဖုံးနံပါတ် **(03) 9662 2311** ဖြင့် ဆက်သွယ်နိုင်သည် သို့မဟုတ် ကွန်ရက် mfb.vic.gov.au သို့သွားရောက်ပါ။

**ကျွန်ုပ် သည် ကျွန်ုပ်၏ဒေသအတွင်း တောမီးလောင်သည့် အချက်အလက်များ သို့မဟုတ် အစီစဉ်တကျမီးမြှိက်ခြင်းအကြောင်း ကို မည်ကဲ့သို့ ရရှိနိုင်မည်နည်း။**

Victorian Bushfire Information Line ကို ဖုံးနံပါတ် **1800 240 667** ဖြင့်ခေါ်ပါ သို့မဟုတ် National Relay Service (တစ်နိုင်ငံလုံးဆိုင်ရာ နားအကြားချို့တဲ့သူ ဝန်ဆောင်မှု) ကို ဖုံးနံပါတ် **1800 555 677** ဖြင့် ခေါ်ပါ။

**ကျွန်ုပ် သည် ကျွန်ုပ်ပိုင် ပရဝန်တွင် မီးရှို့ရန် စီစဉ်နေသည်။ အရေးပေါ်ဝန်ဆောင်မှုများ သို့ ကျွန်ုပ် မည်ကဲ့သို့ အကြောင်းကြားရမည်နည်း။**

အကယ်၍ သင့်အား CFA သို့မဟုတ် မြူနီစီပယ် မီးကာကွယ်ရေး အရာရှိ က မီးရှို့ရန်ခွင့်ပြုချက် ကို ထုတ်ပေးခဲ့လျှင် သင့်အနေဖြင့် Emergency Services Telecommunications Authority (အရေးပေါ်ဝန်ဆောင်မှုများ ကြေးနန်းဆက်သွယ်ရေး အာဏာပိုင်) အား ဖုံးနံပါတ် **1800 668 511** ဖြင့် ဆက်သွယ်၍ ကြိုတင်အကြောင်းကြားချက် ကို ပေးရန်လိုအပ်သည်။

**မီးလောင်မှု ကို မည်ကဲ့သို့ သတင်းပို့မည်နည်း။**

မီးလောင်မှု ကို သတင်းပို့ရန် Triple Zero **(000)** ကိုခေါ်ပါ။

CFA မှ ထုတ်ဝေသည်။